# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

August 1, 2019 | Volume 22, Number 1


**၁.၈.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၀၈ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၄၃၅၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၁/ကျပ် |
| CBM Rate | = ၁၅၁၃.၁/ကျပ် |
| ယူရို တစ်ယူရို | = ၁၆၇၁.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၀၀.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၃၃.၀ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၈၇.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၃၆.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၉.၂၅ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၉၁၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၇.၃၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၅.၀၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၀၀၇ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၆၁
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၈
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## ပြည်ပနိုင်ငံများက မြန်မာ့သီဟိုဠ်စေ့ကို တိုးမြှင့်ဝယ်ယူလာ



ပြည်ပနိုင်ငံများမှ မြန်မာ့သီဟိုဠ်စေ့ကို ဈေးကွက်မပျက် ဝယ်ယူလာမှုကြောင့် တိုးမြှင့်တင်ပို့နေရ ကြောင်း ကုန်သည်များထံမှ သတင်း ရရှိသည်။ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်ရှိ ကုန်သည် ကိုစိုးသော်က အရင်နှစ်တွေ တုန်းကဆိုရင် ပြည်ပက ဝယ်လိုက်၊ မဝယ်လိုက်နဲ့ ဈေးကွက်မငြိမ်ဘူးပေါ့။ ဒီနှစ်တော့ ဈေးကွက်မပျက်ဝယ်နေကြတယ်။ သီဟိုဠ်စေ့က မိုးမိပြီဆိုရင် မဲသွားတာဖြစ်လို့ စနစ်တကျခူးဆွတ်တာနဲ့ ထုတ်ပိုးတာလုပ်ရတယ်။ နိုင်ငံတကာဈေးကွက်မှာလည်း စားသုံးတာတိုးတက်လာလို့ ဈေးကွက်ကလည်း ရှိပြီးသားဆိုပေမယ့် လိုချင်သလောက် မတင်ပို့နိုင်တာလည်းရှိတယ်။ နှစ်အလိုက် ပြည်ပတင်ပို့တဲ့အထဲမှာ ဗီယက်နမ်၊ သီရိလင်္ကာ၊ နယူးဇီလန်၊ အင်ဒိုနီးရှားနဲ့ ဆလိုဗက်ကီးယားနိုင်ငံတွေကတော့ ဈေးကွက်လိုအပ်ချက်ရှိရင် ရှိသလိုပို့ဖြစ်ကြတယ်ဟုပြောသည်။

ယခင်က မြန်မာ့သီဟိုဠ်ကို တစ်လလျှင် တန်ချိန် ၅၀၀ ကျော် တင်ပို့ရာမှ ယခုအခါတွင် တန်ချိန် ၇၀၀ မှ ၉၀၀ ကြားထိ ဗီယက်နမ်၊ တရုတ်၊ စင်္ကာပူ၊ ထိုင်း၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ မလေးရှား၊ အာဖရိကနိုင်ငံများ၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံ ဈေးကွက်များသို့ တိုးမြှင့်တင်ပို့နေကြောင်းသိရသည်။ ဒိုင်တွေမှာတော့ သီဟိုဠ်ကို ကီလိုနဲ့ဝယ်တယ်။ ထိုင်းလုပ်ငန်းရှင်တွေ လာဝယ်သလို နယ်စပ် ကုန်သွယ်မှုကနေလည်းပို့တယ်။ ဈေးကတော့အစားစားရှိတော့ အညံ့စားကနေ အကောင်းဆုံးထိ ဈေးအမျိုးမျိုးရှိတယ်ဟု ရေဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ သီဟိုစေ့လုပ်ငန်းရှင် ဦးနိုင်ဟံသာကပြောသည်။

လက်ရှိသီဟိုဠ်စေ့ကို နိုင်ငံတကာသို့ တင်ပို့နေသော်လည်း ပါကင်ထုတ်ပိုးမှုစနစ် အားနည်းမှုကြောင့် တန်ချိန်များစွာ မတင်ပို့နိုင်ကြောင်းသိရသည်။ ကမ္ဘာ့ဈေးကွက်တွင် သီဟိုဠ်အများဆုံး တင်သွင်းနေသည့်နိုင်ငံများမှာ အမေရိကန်၊ ယူအေးအီး၊ နယ်သာ လန်၊ ဂျာမနီ၊ ဩစတေးလျ၊ ကနေဒါ၊ ဂျပန်နှင့် ထိုင်းနိုင်ငံတို့ဖြစ်ပြီး အများဆုံးစိုက်ပျိုးထုတ်လုပ်နေသည့် နိုင်ငံများမှာ အိန္ဒိယ၊ ဗီယက်နမ်၊ ဂီနီအာဘစ်ဆော၊ ဘရာဇီး၊ ဘီနင်၊ ကမ္ဘောဒီးယားစသည့်နိုင်ငံများဖြစ်ကြောင်းသိရသည်။ လက်ရှိဈေးကွက်၌ သီဟိုဠ်စေ့တစ်ပိဿာလျှင် ကျပ် ၁၅၀၀၀ မှ ၂၇၀၀၀ အထိ အရည်အသွေးအလိုက် ဈေးပေးဝယ်ယူနေကြပြီး သီဟိုဠ်ပင်သည် စတင်စိုက်ပျိုးချိန်မှ ၂ နှစ်သက်တမ်းခန့်အကြာတွင် အသီးစတင်သီးသော်လည်း ၇ နှစ်အရွယ်မှသာ စီးပွားဖြစ် စတင်ခူးဆွတ်နိုင်ကာ အပင်သက်တမ်းမှာ နှစ် ၅၀ ခန့်အထိ ခူးဆွတ်နိုင်ကြောင်းသိရသည်။ ယင်းအပြင် သီဟိုဠ်စေ့အခွံ့ကို လောင်စာ

အဖြစ် တစ်တင်းခွဲဝင် တစ်အိတ်လျှင် ကျပ် ၄၀၀၀ ဖြင့် ရောင်းချကြရောင်းသိရသည်။ မြန်မာနိုင်ငံတွင် သီဟိုဠ်သီးကို ရန်ကုန်တိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် စုစုပေါင်းစိုက်ပျိုးဧက နှစ်သိန်းကျော်ထိရှိကာ အသီးခူးစွတ်နိုင်သော ဧကပေါင်း ၁ ဒသမ ၅ သိန်းခန့် ရှိကြောင်းသိရသည်။ ပြည်ပတင်ပို့နိုင်မှုမှာ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂၄၀၀ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၅ သန်းကျော်၊ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁၇၀၀ ကျော် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈ သန်းကျော် ရရှိခဲ့ကြောင်းသိရသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2358906794194803?__

## မန္တလေးတွင် တရုတ်ကားများ စတင်ထုတ်လုပ်




မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်၊ မြို့သာစက်မှုဥယျာဉ်တွင် တရုတ်အမှတ်တံဆိပ် မော်တော်ကားများကို ပထမဦးဆုံးတပ်ဆင် ထုတ်လုပ်မည်ဖြစ်သည်။ ပြည်ပမှ ကားအစိတ်အပိုင်းများတင်သွင်း၍ ပြည်တွင်းတပ်ဆင်ထုတ်လုပ်သည့်စနစ်ဖြင့် Gold AYA Motor International Co.,Ltd. ထုတ်လုပ်မည်ဖြစ်ပြီး အဆိုပါကုမ္ပဏီကို တရုတ် နိုင်ငံ ကူမင်းမြို့ရှိ Shining Star Group က တည်ထောင်ထားခြင်း ဖြစ်သည်။

ကားထုတ်လုပ်သည့် စက်ရုံကို မြို့သာစက်မှုဥယျာဉ်ရှိ မြေဧက ၂၀ ကျော်ပေါ်တွင် တည်ဆောက်ထားကာ စျေးနှုန်းသင့်တင့်ပြီး အရည်အသွေးမြင့်ကားများကိုသာထုတ်လုပ်မည်ဟု Gold AYA Motor International Co.,Ltd. အထွေထွေမန်နေဂျာ ဂျက်ကီရန်းကပြောသည်။ နောက်ပိုင်းမှာတော့ မြန်မာနိုင်ငံမှာပဲ အားလုံးထုတ်လုပ် တပ်ဆင်ရောင်းချနိုင်အောင် လုပ်ပါမယ်ဟုၤင်းကပြောသည်။ အမေရိကန်ဒေါ်လာ သန်း ၃၀ နီးပါး ရင်းနှီးမြှုပ်နှံထားသော ယင်းကားကုမ္ပဏီတွင် ဝန်ထမ်းပေါင်း ၁၃၀ ကျော်ရှိပြီး ယင်းအနက် ၁၁၀ ကျော်သည် မြန်မာ နိုင်ငံသားများဖြစ်သည်။ ကုမ္ပဏီသည် ကားအမျိုးအစားပေါင်း ခုနစ်မျိုးအတွက် မော်ဒယ် ၁၀ မျိုးကို ထုတ်လုပ်မည်ဖြစ်ကာ အိမ်သုံးဇိမ်ခံကား၊ လုပ်ငန်းသုံးကား၊ ပစ်ကပ်ထရပ်ကား၊ SUV၊ MPV ကားများကို ထုတ်လုပ်မည်ဖြစ်သည်။ ကုမ္ပဏီသည် ငါးနှစ်အတွင်း ကားအစီးရေပေါင်း ငါးသောင်းနှင့်အထက် ထုတ်လုပ်ရောင်းချနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ စျေးကွက်အတွင်းသို့ ကုမ္ပဏီကထုတ်လုပ်သော အသေးစား SUV ကားအမျိုးအစားဖြစ်သည့် BAIC CHANGHE ၏ Q35 ကားအမျိုးအစားသည် ဩဂုတ် ၂ ရက်မှစ၍ ရန်ကုန်နှင့်မန္တလေးပြခန်းများမှတစ်ဆင့် စတင်ဝင်ရောက် လာမည်ဖြစ်သည်။ အခုလောလောဆယ် ပြည်တွင်းစျေးကွက်ကိုပဲ ကျွန်တော်တို့အဓိကထားဖြန့်ဖြူးရောင်းချပေးမယ်။ နောက်သုံးနှစ်ကနေ ငါးနှစ်အတွင်းမှတော့ မြန်မာစျေးကွက်ကိုလည်းရခဲ့မယ်ဆိုရင် အစိုးရဘက်ကလည်း ခွင့်ပြုပေးမယ်ဆိုရင် အိမ်နီးချင်းနိုင်ငံတွေရဲ့ စျေးကွက်တွေအထိ တိုးမြှင့်တင်ပို့ရောင်းချနိုင်အောင် ဆောင်ရွက်ဖို့ရှိပါတယ်ဟု ဂျက်ကီးရန်းက ပြောသည်။ မြို့သာစက်မှုဥယျာဉ်တွင် နိုင်ငံပေါင်း ခုနစ်နိုင်ငံက လုပ်ငန်းပေါင်း၂၁ ခု ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ထားပြီး နိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ကျပ်ငွေ ၂၄၃ ဘီလျံနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ သန်း ၅၀၀အထက်ရှိကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်ကပြောသည်။ မြို့သာစက်မှုဇုန်ဆိုတာ အခွင့်အလမ်းကောင်းတွေ ပိုင်ဆိုင် ထားတဲ့အတွက် အခုလို ရင်းနှီးမြှုပ်နှံမှုလာနေတာဖြစ်တယ်။ ကျွန်တော်တို့ဘက်ကလည်း လိုအပ်တဲ့နည်းပညာပိုင်းတွေ အလုပ်သမားအရည်အသွေးပိုင်းတွေကို သင်ယူစေချင်တယ်ဟု ဒေါက်တာဇော်မြင့်မောင်က စက်ရုံဖွင့်ပွဲတွင်ပြောသည်။

**Source:** https://myanmar.mmtimes.com/news/126357.html

## အိန္ဒိယဝယ်လိုအားရှိသော်လည်း ပြည်တွင်းပဲဈေး အကျဘက်သို့ဦးတည်




အိန္ဒိယနိုင်ငံသို့ တရားဝင်ကိုတာ (Quota) စနစ်ဖြင့် ပဲတင်ပို့ခွင့်ရနေသော်လည်း ပြည်တွင်းပဲဈေးနှုန်းများ အကျဘက်သို့ ဦးတည်လျက်ရှိနေကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်းများအသင်းထံမှသိရသည်။ အိန္ဒိယ နိုင်ငံ၏ ဝယ်လို အားများသည့် မတ်ပဲနှင့်ပဲစင်းငုံ အမျိုးအစား ပဲနှစ်မျိုးစလုံး ဈေးနှုန်းကျဆင်း နေခြင်းဖြစ် ကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များ အသင်း၏ အတွင်းရေးမှူး ဦးမင်းကိုဦးက ဇူလိုင်လ (၃၁)ရက်က BETV သို့ပြောသည်။ အဓိကကတော့ ပြည်တွင်းဈေးကွက်မှာ ရောင်းလိုအားများလာတဲ့ သဘောမျိုးပုံစံ ပြန်ဖြစ်လာနေတယ်ဟု အတွင်းရေးမှူး ဦးမင်းကိုဦးကပြောသည်။

ယခုနှစ် အိန္ဒိယအစိုးရ၏ ထုတ်ပြန်ချက်အရ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ပဲစင်းငုံ၊ ပဲတီးစိမ်းနှင့် မတ်ပဲ တို့ပါဝင်သည့် ပဲမျိုးစုံ တန်ချိန် (၅)သိန်း တင်သွင်းခွင့်ပြုမည်ဖြစ်ပြီး ယင်းအထဲမှ မြန်မာနိုင်ငံက မတ်ပဲတန်ချိန် (၁)သိန်းခွဲ တင်သွင်းခွင့်ရရှိထားကြောင်းသိရသည်။ သို့သော် လိုင်စင်ရကုမ္ပဏီများဘက်မှ သတ်မှတ် ထားသည့် တန်ချိန်ပမာဏကို အောက်တိုဘာလ (၃၁) ရက်နေ့ နောက်ဆုံးထားကာ တင်ပို့ရောင်းချရမည့် စည်းကမ်းချက်ပါ ပူးတွဲထုတ်ပြန်လိုက်သဖြင့် (၄) လတာကာအတွင်း အပြီးသတ်တင်ပို့ရောင်းချရမည် ဖြစ်ကြောင်းသိရသည်။

ဟိုဘက်က ဝယ်တဲ့ကုမ္ပဏီတွေက အိန္ဒိယက ကုမ္ပဏီများ တစ်ထောင်ကျော်လောက် ဖြန်ပေးထားတာ ဖြစ်တဲ့အခါကျတော့ အဲ့အထဲက ကုမ္ပဏီတစ်ခုက ကိုတာ(Quota)စနစ်နဲ့ပဲ ဝယ်လိုရတာဆိုတော့ ဝယ်ယူတဲ့ ကုမ္ပဏီရှိတယ်။ မဝယ်သေးတဲ့ ကုမ္ပဏီရှိတယ်။ အဲ့လို ပြန့်နေတဲ့အခါကျတော့ ဝယ်လိုအားကအများကြီး တက်မလာဘူး။ ဒီဘက်က ရောင်းလိုအားက တဖြည်းဖြည်းနဲ့များလာတဲ့အတွက်ကြောင့်မို့လို့ ပဲဈေးက အထိုက် အလျောက်ပြန်ဆင်းလာတယ်ဟုဆိုသည်။ လက်ရှိ မတ်ပဲတစ်တန်လျင် ကျပ် (၇) သိန်း (၄) သောင်းဝန်းကျင် ရှိနေပြီး ယခင်က တစ်တန် ကျပ် (၇) သိန်း (၈) သောင်းဝန်းကျင်ရှိခဲ့ရာ ကျပ် (၄) သောင်းနီးပါးဈေးကျဆင်း လာခဲ့ပြီး ပဲစင်းငုံတစ်တန်လျင် ကျပ် (၉) သိန်း (၆) သောင်းဝန်းကျင်ခဲ့ရာမှ ယခုအခါ တစ်တန် ကျပ် (၉) သိန်း (၃) သောင်းဝန်းကျင်သို့ ကျဆင်းလာခဲ့ကြောင်းသိရသည်။

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ အများဆုံးတင်ပို့ရောင်းချနေသည့် ပဲအမျိုးအစားများဖြစ်သည့် မတ်ပဲနှင့် ပဲစင်းငုံကို အိန္ဒိယနိုင်ငံက အဓိကဝယ်ယူနေပြီး ပဲတီစိမ်းကို တရုတ်နှင့်ဥရောပနိုင်ငံအချို့ ဝယ်ယူလျက် ရှိကြောင်းသိရသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာ ၁ ရက်မှ မေလ ၃ ရက်နေ့အထိ ခုနှစ်လ

ကျော်အတွင်း ပြည်ပသို့ပဲမျိုးစုံတင်ပို့မှုမှ အမေရိကန်ဒေါ်လာ (၆၀၉ ဒသမ ၀၅၅) သန်းရရှိထားကြောင်း သိရသည်။

**Source:** http://www.betvmyanmar.com/my/news/

## ၂၀၂၀ မှာ ကမ္ဘာတစ်ဝှမ်း လေကြောင်းခရီးသွားလာမှုစရိတ်နဲ့ ဟိုတယ်တည်းခိုခနှုန်းထားတွေ တက်မည်ဟုခန့်မှန်း

ကုန်သွယ်ရေးပဋိပက္ခတွေ အရှိန်မြင့်ဖြစ်ပေါ်နေမှု၊ Brexit ရဲ့ အကျိုးဆက်တွေရှိလာနိုင်မှု၊ စီးပွားရေးကျဆင်းမှု အလားအလာတွေကြောင့် လာမယ့် ၂၀၂၀ ပြည့်နှစ်မှာလည်း ကမ္ဘာတစ်ဝှမ်းလေယာဉ်နဲ့ ခရီးသွားလာမှုစရိတ်စကတွေ၊ ဟိုတယ် တည်းခိုခနှုန်းထားတွေဟာ အသင့်အတင့်မြင့်တက်လိမ့်မယ်လို့ သက်ဆိုင်ရာလုပ်ငန်းတွင်း အဖွဲ့အစည်း တစ်ခုက ခန့်မှန်းသွားပါတယ်။ ကန်ဒေါ်လာငွေကြေးပိုင်းအရ ဆိုရင် လေယာဉ်နဲ့ ခရီးသွားလာမှု ကုန်ကျစရိတ်တွေဟာ ၁ ဒသမ ၂ ရာခိုင်နှုန်း၊ ဟိုတယ် နှုန်းထားတွေဟာ ၁ ဒသမ ၃ ရာခိုင်နှုန်းစီနဲ့ တက်နိုင်ပြီး ပြည်တွင်း ငွေကြေးတွေအရ ဆိုရင်တော့ နှစ်ခုစလုံးဟာ ၂ ဒသမ ၂ ရာခိုင်နှုန်းခန့် တက်သွားနိုင်ကြောင်း Carlson Wagonlit Travel (CWT) နဲ့ Global Business Travel Association (GBTA) တို့ရဲ့ တစ်နှစ်တစ်ကြိမ် ထုတ်ပြန်နေကျ ခန့်မှန်းချက်အရ သိရပါတယ်။ ပြီးခဲ့တဲ့ နှစ်အနည်းငယ်အတွင်းကဆိုရင် စီးပွားရေးဟာ အတော့်ကိုတည်ငြိမ်တဲ့နှုန်းထားတစ်ခုနဲ့ တိုးတက်နေခဲ့တာကို ကျွန်တော်တို့ မြင်တွေ့ခဲ့ရပါတယ်၊ ဒါပေမယ့် အဲဒါကတော့ ၂၀၁၈ မှာပဲ ရပ်တန့်သွားခဲ့ပါပြီ" လို့ CWT ရဲ့ Asia Pacific multinational sales ဆိုင်ရာ senior director ဖြစ်တဲ့ Akshay Kapoor က ပြောပါတယ်။

အဆိုပါ အလားအလာကတော့ ၂၀၁၉ မှာ ပိုမို မေးခွန်းထုတ်စရာဖြစ်လာခဲ့ပြီး လာမယ့်နှစ် ၂၀၂၀ မှာလည်း စီးပွားရေးမတည်ငြိမ်မှုတွေဟာ ဆက်ရှိနေမယ်လို့ မျှော်မှန်းရကြောင်း ၎င်းကထပ်လောင်းပြောပါတယ်။ ကမ္ဘာ့ ကုန်သွယ်မှုကတော့ ၂၀၁၉ ပထမသုံးလပတ်မှာ ဝ ဒသမ ၅ ရာခိုင်နှုန်းသာတိုးတက်ခဲ့ပြီး ဒါဟာ ၂၀၁၂ နောက်ပိုင်း တစ်နှစ်ထက်တစ်နှစ်တိုးတက်မှု အနေးကွေးဆုံးနှုန်း ဖြစ်လာခဲ့တယ်လို့သိရပါတယ်။

**Source:** https://www.businesstimes.com.sg/.../global-airfares-hotel-ra...

SFJ Strategy First Journal

## တရုတ်နိုင်ငံက စားဖိုဆောင်သီးနှံတင်သွင်းမှုကို ကန့်သတ်လိုက်သော်လည်း မှောင်ခိုလမ်းကြောင်းများမှ ဆက်လက်ဝင်ရောက်နေ

တရုတ်နိုင်ငံက စားဖိုဆောင်သီးနှံတင်သွင်းမှုကို ကန့်သတ်လိုက်သော်လည်း မှောင်ခိုလမ်းကြောင်းများမှ ဆက်လက်ဝင်ရောက်နေသည့်အပြင် ပြည်တွင်း၌လည်း စားဖိုဆောင်သီးနှံအများစုပေါ်ချိန်ဖြစ်၍ ဈေးကွက်အတွင်း ရောင်းလိုအားများကာ ဈေးနှုန်းများကျဆင်းလာကြောင်း ရန်ကုန်မြို့ဘုရင့်နောင်ကုန်စည်ဒိုင်ကသိရသည်။ တရုတ်က တင်သွင်းခွင့်ပိတ်လိုက်တယ် ဆိုပေမယ့်မှောင်ခိုလမ်းကြောင်းတွေက အများကြီးရှိနေတော့ တစ်နေရာမဟုတ် တစ်နေရာကနေဝင်လာနေလို့ ကုန်တွေကရှိနေတယ်။ အရင်ရက်ပိုင်းတုန်းက ဈေးနှုန်းမြင့်တက်ခဲ့တဲ့ ငရုတ် အစိုတောင် အခုချိန်မှာ ကုန်တွေအပြိုင်အဆိုင်ထွက်လာလို့ ဈေးတော်တော်လေးပြန်ကျသွားတယ်ဟု စားဖိုဆောင်သီးနှံ စိုက်ပျိုး ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးခင်ဟန်ကပြောသည်။ ဇူလိုင်လ ၂၄ ရက်နေ့ ဘုရင့်နောင် ကုန်စည်ဒိုင်ရှိ စားဖိုဆောင်သီးနှံဈေးနှုန်းများမှာ ကြက်သွန်နီတစ်ပိဿာဈေးနှုန်း အမျိုးအစားလိုက်၍ ၆၂၅ ကျပ်မှ ကျပ် ၉၀၀ အထိရှိပြီး ကြက်သွန်ဖြူတစ်ပိဿာဈေးနှုန်းမှာ ကျပ် ၂၈၀၀ မှ ကျပ် ၃၄၀၀ ရှိကြောင်း၊ အာလူးတစ်ပိဿာလျှင် ကျပ် ၆၅၀ မှ ကျပ် ၉၅၀ အထိရှိကာ မန်ကျည်းသီးတစ်ပိဿာလျှင် ကျပ် ၁၂၅၀ မှ ကျပ် ၁၅၅၀ ပေါက်ဈေးရှိကြောင်း၊ ငရုတ်အစို တစ်ပိဿာပေါက်ဈေးမှာ ကျပ် ၁၂၀၀ မှ ကျပ် ၁၃၀၀ ပေါက်ဈေးရှိပြီး အခြောက်ဈေးနှုန်းမှာ ကျပ် ၃၂၀၀ မှ ကျပ် ၃၆၀၀ ပေါက်ဈေးရှိကြောင်းသိရသည်။

အဆိုပါ သီးနှံများမှာ ပြီးခဲ့သည့် တစ် ပတ်ခန့်က ပေါက်ဈေးများနှင့် နှိုင်းယှဉ်လျှင် သီးနှံတစ်မျိုးလျှင် ကျပ် ၃၀၀ မှ ၄၀၀ ခန့်အတွင်းဈေးကျဆင်းသွားကြောင်းသိရသည်။ ပြီးခဲ့သည့်ရက်ပိုင်းအတွင်း တရုတ်နိုင်ငံကတင်သွင်းမှု ကန့်သတ် လိုက်သည့်သတင်းကြောင့် စားဖိုဆောင်သီးနှံအများစုဈေးနှုန်းမြင့်တက်ခဲ့သော်လည်း ယခုရက်ပိုင်းတွင် ကုန်စည်များ

ပြန်လည်ဝင်ရောက်နေခြင်းကြောင့်ဈေးနှုန်းများကျဆင်းခဲ့ကြောင်းသိရသည်။ ပြည်တွင်းဈေးကွက်ထဲကို တရုတ်နိုင်ငံကနေ တရားဝင်ရော၊ တရားမဝင်ရော စားဖိုဆောင်သီးနှံတွေ ဝင်ရောက်နေတာကြောင့် ပြည်တွင်း ထုတ်ကုန်တွေ ဈေးမရဘူးဆိုတာ ကုန်သည်တွေပိုင်းက တောင်းဆိုပြီးနောက်ထိန်းချုပ်လိုက်လို့ အရင်ရက်ပိုင်းတွေမှာ ငရုတ်၊ အာလူး၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ အကုန်ဈေးတက်ခဲ့တယ်။ ဒီလိုအခြေအနေဆိုရင် စားသုံးသူတွေအပိုင်းမှာ ဈေးကြီးမြင့်မှု အခက်အခဲကြုံရပေမယ့် စိုက်ပျိုးသူတွေအတွက်တော့ အကျိုးအမြတ်ကောင်းတယ်။ လွန်ခဲ့တဲ့ လပိုင်းတုန်းကလည်း ငရုတ်အစိုတွေကို ပြည်ပအဝယ်လိုက်လို့ ဈေးတော်တော်လေးရခဲ့ပေမယ့် အခုချိန်မှာတော့ ငရုတ်တွေ အပြိုင်အဆိုင်ထွက်လာလို့ ဈေးတော်တော်လေးကျသွားတယ်ဟု ဦးခင်ဟန်ကပြောသည်။

**Source:** www.thefarmermedia.com

## တောင်ကိုရီးယားနိုင်ငံသို့ ပိုကုန်အမယ်သစ်များ တိုးချဲ့တင်ပို့နိုင်ရန်ကြိုးပမ်း

တောင်ကိုရီးယားနိုင်ငံကို သရက်သီးနှံအပြင် ပို့ကုန်အမယ်သစ် ၁၀ မျိုးခန့် တင်ပို့နိုင်ရန် ကြိုးပမ်း ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှ အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်စိုးကဆိုသည်။ ဈေးကွက်လိုအပ်ချက်နဲ့ ချိန်ရတာဆိုတော့ အမယ် အမျိုးအစားတွေကိုတော့ လောလောဆယ် တိတိကျကျပြောလို့မရသေးဘူး။ သရက်သီးကတော့ သူတို့အရမ်းကြိုက်တဲ့အရာဖြစ်နေတယ်။ ဒါပေမဲ့လည်း သူတို့ဈေးကွက်ကို ဝင်ဖို့အတွက်က ပိုးမွှားနဲ့ပက်သက်ပြီး သူတို့နိုင်ငံရဲ့ သတ်မှတ်ချက်တွေနဲ့ညီအောင် အရင်လုပ်ရဦးမှာ။ ဈေးကွက်က Quality Product ဖြစ်တဲ့အတွက်ကြောင့် ဒီဘက်ကလည်း အဆင့်မြင့်မြင့်လေး လုပ်ရမှာပေါ့ဟု ၎င်းကဆိုသည်။

လက်ရှိတွင် မြန်မာနိုင်ငံအနေဖြင့် တောင်ကိုရီးယားနိုင်ငံသို့ နှမ်းနက်နှင့်ကဏန်းတို့ကို အဓိက တင်ပို့နေ သော်လည်း မြန်မာ့ပို့ကုန်ဆန်နှင့်သရက်သီးတို့ကိုလည်း တောင်ကိုရီးယားနိုင်ငံသို့ တင်ပို့နိုင်ရန် (UMFCCI)) နှင့် Korea Myanmar Research Association (KOMYRA) တို့ ဆွေးနွေးနေကြောင်း UMFCCI အသင်းချုပ်မှသိရ သည်။

တောင်ကိုရီးယားကို လက်တလောမှာ နှမ်းဆီပို့တယ်။ နှမ်းအနက်ကို ပြန်လှော်ပြီးပို့တယ်၊ လယ်ယာထွက်ကုန်အနေနဲ့ ကတော့ ဒါပဲရှိပါသေးတယ်။ ဒါကြောင့် သရက်သီးလို အသီးအနှံမျိုးအပြင် တခြားထွက်ကုန်တွေလည်း တင်ပို့နိုင်ဖို့ လေ့လာ သွားမယ်။ ပို့ကုန်အမယ်သစ် အနည်းဆုံး ၁၀ မျိုးလောက် ပို့နိုင်အောင် ကြိုးပမ်းနေပါတယ်ဟု ဦးအောင်ကြည်စိုးကပြောသည်။ လက်ရှိတွင် မြန်မာ့နိုင်ငံမှထွက်ရှိသည့် သရက်သီးကို စင်ကာပူနှင့်တရုတ်နိုင်ငံ တွေကို အဓိကတင်ပို့နေပြီး၊ သရက်သီးအနှစ်အနေဖြင့် ရုရှားနိုင်ငံသို့တင်ပို့နေကြောင်းသိရသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2360576787361137?__tn__=K-R

## လက်ရှိဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ နှမ်းရောင်စုံ တန်ချိန် ၉၀,၀၀၀ ကျော် တင်ပို့ထား

၂၀၁၇- ၁၈ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ ဇူလိုင်လ ၁၂) ရက်အထိ ပြည်ပသို့ နှမ်းရောင်စုံ တန်ချိန် ၉၀၀၀၀ ကျော် တင်ပို့မှုမှဝင်ငွေ ကန်ဒေါ်လာ ၁၄၇ သန်းကျော်ရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာနမှသိရသည်။ နှမ်းကို ဂျပန်၊ တရုတ်နဲ့ တောင်ကိုရီးယားနိုင်ငံတွေက ဈေးကွက်မပျက်ဝယ်ယူတယ်။ ဂျပန်က အရည်အသွေးသတ်မှတ်ချက်တွေများပေမယ့် ဈေးပိုပေးဝယ်တာမရှိဘူး။ သူ့လိုလားချက်အတိုင်း လိုက်လုပ် ဖို့လည်း အခက်အခဲတွေ ရှိတယ်။ ဥပမာ- နှမ်းမှာ ပါရှိရမယ့်ဓာတ်ကြွင်း သတ်မှတ်ချက်တွေ လျော့ချတာကြောင့် ထင်သလောက်မပို့နိုင်ဘူး။ တရုတ်ကတော့ ဘာပဲဖြစ်ဖြစ်ဝယ်ယူတယ်ဟု မကွေးတိုင်းဒေသကြီး၊ အောင်လံ ကုန်စည်ဒိုင်ဥက္ကဌ ဦးအောင်မိုးကပြောသည်။

လက်ရှိ နှမ်းသီးနှံစိုက်ပျိုးရာတွင် နှမ်းကိုရိတ်သိမ်းပြီးနောက် နှမ်းအစည်းများကို မြေပြင်တွင်ထောင်ထားပြီး အခြောက်ခံသည့်စနစ်ကို အသုံးပြုကြခြင်းကြောင့် အလေအလွင့်များရှိနေသည့်အပြင် အရည်အသွေးပါ ကျဆင်းလျက်ရှိနေကြောင်း ကုန်သည်များကပြောသည်။ သို့သော် နှမ်းနက်မှာ ပြည်ပဈေးကွက်တွင် ဈေးကွက် အခိုင်အမာရရှိနေပြီး အရည်အသွေးကောင်းသည့် နှမ်းနက်ကို မကွေး၊ မင်းဘူး၊ မင်းလှနှင့် နတ်မောက် မြို့နယ် များတွင် အဓိက စိုက်ပျိုးကြကြောင်းသိရသည်။ လက်ရှိ နှမ်းအရည်အသွေး စစ်ဆေးခြင်းများကို ထိုင်းနိုင်ငံရှိ ဓာတ်ခွဲခန်း တွင်ပြုလုပ်ပြီး နှမ်းနက်၏ အရည်အသွေးအောင်မြင်မှုရရှိခြင်းကြောင့် တောင်ကိုရီးယားနိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ လက်ခံဝယ်ယူလာခြင်းဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံတွင် နှမ်းကို မိုးနည်းရပ်ဝန်းဒေသများဖြစ်သည့် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးကြပြီး ကျန်ဒေသများတွင်လည်း အထိုက်အလျောက်စိုက်ပျိုးကာ နှမ်းဖြူ၊ နှမ်းနီ၊ နှမ်းညို၊ နှမ်းနက်နှင့် နှမ်းကြားဟူ၍ ခွဲခြားရောင်းဝယ်မှု ပြုလုပ်လျက်ရှိသည်။ ပြည်ပသို့ ဘဏ္ဍာနှစ် အလိုက် နှမ်းရောင်စုံတင်ပို့မှုစာရင်းများအရ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် တန်ချိန် ၉၆၀၀၀ ကျော် ကန်ဒေါ်လာ သန်း ၁၃၀ ကျော်၊ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁၀၀၀၀၀ ကျော် ကန်ဒေါ်လာ ၁၄၅ သန်းကျော်၊ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁၂၀၀၀၀ ကျော် ကန်ဒေါ်လာ သန်း ၁၄၇ သန်းကျော် အသီးသီးရရှိခဲ့ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/125747

https://www.facebook.com/amiamyanmar/posts/2360452884040194?__tn__=K-R

## တရုတ်ဖက်ကအဝယ်လိုက်နေတဲ့ မိုးထောင်ငရုတ်အစိုတွေဈေးပြန်ကျလာ




နယ်စုံကထွက်ရှိနေတဲ့ မိုးထောင်ငရုပ်ဆက်တိုက်ဝယ်ယူနေလို့ ငရုတ်ဈေးတွေတက်ခဲ့ပေမယ့် လက်ရှိမှာတော့ ဈေးပြန်ကျလာတယ်လို့သိရပါတယ်။ နယ်စုံကထွက်ရှိတဲ့ ငရုတ်တွေကို တရုတ်က အစိုအတိုင်း အအေးခန်းကားတွေနဲ့ စတင် ထွက်ရှိချိန်ကတည်းက ဆက်တိုက်ဝယ်ယူနေတာဖြစ်ပြီး လက်ရှိ မှာတော့ ငရုတ်အထွက်များလာသလို တရုတ်ဖက်က အဝယ်လျော့သွားတာကြောင့် ဈေးကျလာတာလို့သိရပါတယ်။ ပြီးခဲ့တဲ့လတွေက မိုးထောင်ငရုတ် အစိုတစ်ပိဿာကိုငွေကျပ် (၆၀၀၀) (၇၀၀၀) ဝန်းကျင်ရှိခဲ့ရာမှ လက်ရှိမှာတော့ ငွေကျပ် (၁၂၀၀) ဝန်းကျင်သာ ရှိတော့တယ်လို့သိရပါတယ်။ ဒီလိုဈေးတွေကျဆင်းလာတာကြောင့် ဘုရင့်နောင် ကုန်စည်ဒိုင် မှာ လက်ရှိဈေးတက်နေတဲ့ မိုးထောင်ငရုပ်အခြောက်တွေက နောက်ပိုင်းမှာ ဈေးပြန်ကျလာနိုင်တယ်လို့သိရပါတယ်။

ဒီလိုဈေးကျနိုင်ဖို့ ငရုတ်အစိုတွေကို အခြောက်အဖြစ်လက်ရှိမှာပြုလုပ်နေပြီး အဲ့ဒီငရုတ်အခြောက်တွေ ဘုရင့်နောင် ပွဲရုံကို ဝင်ရောက်လာရင်တော့ လက်ရှိငရုတ်ဈေးတွေကျဆင်းလာမယ်လို့သိရပါတယ်။ လက်ရှိမှာတော့ မိုးထောင်ငရုတ်တွေဟာ ကျောက်ဆည်၊ ဝမ်းတွင်း၊ မြစ်သားနဲ့ပျော်ဘွယ်မြို့နယ်တွေက ထွက်ရှိနေတယ်လို့ သိရပါတယ်။ မိုးထောင်ငရုတ်ဈေးကျလာရင် အိန္ဒိယငရုပ်ရှည်၊ အပါအဝင်တခြားငရုတ်တွေလည်း ဈေးကျလာ နိုင်တယ်လို့ သိရပါတယ်။ လက်ရှိမှာတော့ ဘုရင့်နောင် ကုန်စည်ဒိုင်မှာ မိုးထောင် ငရုတ်တစ်ပိဿာကို ကျပ် (၅၈၀၀)၊ ဆင်ဖြူကျွန်း ငရုတ်ပု တစ်ပိဿာကို ငွေကျပ် (၈၀၀၀)မှ (၉၀၀၀)၊ မြစ်ဝကျွန်းပေါ်ငရုတ်ပွတစ်ပိဿာကို ငွေကျပ် (၆၀၀၀)မှ (၇၀၀၀)၊ အိန္ဒိယငရုတ်ရှည်တစ်ပိဿာကို ငွေကျပ် (၅၀၀၀)ပေါက် ဈေးရှိတယ်လို့ သိရပါတယ်။

**Source:** http://mrtv4.com.mm/node/32635/?fbclid=IwAR1vBhFv1lc_UvDUW7WUy2TA2UqULLXYTS3O-5k72Jxyy1_STClNdImjzY8

## မြန်မာ့ငါးများ အမျိုးအစားအစုံ တရုတ်သို့ တရားဝင်ပို့နိုင်ရေး လုပ်မည်

မြန်မာ့ငါးများ တရုတ်သို့ တရားဝင်တင်ပို့နိုင်ရန် ငါးအမျိုးအစားများအားလုံးကို ပေးပို့မည်ဟု ရန်ကုန်တိုင်း ငါးလုပ်ငန်းဦးစီးဌာန အရည်အသွေးထိန်းသိမ်းရေးနှင့်သုတေသနဌာနစု ဒုတိယညွှန်ကြားရေးမှူး ဦးသက်နိုင်က ပြောသည်။ တရုတ်နိုင်ငံသို့ လက်ရှိစာရင်းပေးပို့ပြီးဖြစ်သော ငါး၊ ပုစွန်အမျိုးအစားပေါင်း ၂၁ မျိုးအနက် ခြောက်မျိုးမှာ တင်ပို့ရောင်းချနေပြီး ကျန် ၁၅ မျိုးမှာလည်း တင်ပို့ရောင်းချရန် အလားအလာရှိသည့် စာရင်းများဖြစ်သည်ဟု ၄င်းက ဆိုသည်။ ပေးပို့ပြီးဖြစ်သည့် ရေထွက်ကုန်အမျိုးအစား ၂၁ မျိုးမှာ ငါးပြေမ၊ ငါးသိုင်းခေါင်းပွ၊ ငါးရံ့၊ ငါးကြင်းဖြူ၊ ငါးခူ၊ ရွှေဝါငါးကြင်း၊ ငါးကျည်း၊ ငါးမြစ်ချင်း၊ ပုစွန်ဖြူ၊ ရေချိုပုစွန်တုပ်ကြီး၊ ငါးနုသန်းနှစ်မျိုး၊ တီလားဗီးယား၊ မြစ်ငါးတန်၊ ရေငန်ပုစွန်ကျားတို့ ဖြစ်သည်။

မြန်မာနိုင်ငံမှ ငါးမျိုးစိတ်ပေါင်း ၆၃ ခု၊ ပုစွန်မျိုးစိတ်ပေါင်းရှစ်ခုနှင့် အခြားရေထွက်ကုန်ပစ္စည်းမျိုးစိတ် ၆၈ မျိုးကို ပြည်ပသို့ တင်ပို့ရောင်းချနေသည်။

**Source:** https://myanmar.mmtimes.com/news/126351.html

## စပါးအခြောက်ခံစက်စီမံကိန်းများတွင် တောင်သူများ ပါဝင်ရင်းနှီးမြှုပ်နှံနိုင်မည်

ဆန်စပါးအခြောက်ခံစက်နှင့် အသေးစားသိုလှောင်ရုံများ တည်ဆောက်ရန် စိတ်ဝင်စားသူများကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ဖိတ်ခေါ်လျက်ရှိသည်။ သီးနှံရိတ်သိမ်းပြီးနောက်ပိုင်း စနစ်တကျ ဝယ်ယူအခြောက်ခံသိုလှောင်ခြင်းကို ကျေးလက်ဒေသတွင် အကောင်အထည်ဖော်ရန် စီစဉ်ခြင်းဖြစ်ပြီး ဒေသခံတောင်သူများ၏ စုပေါင်းထည့်ဝင် မှုဖြင့်ဆောင်ရွက်မည်ဖြစ်သည်။

စီမံကိန်းတစ်ခု၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ကျပ်သိန်း ၁၇၀၀ ခန့်ရှိမည်ဖြစ်ပြီး ရင်းနှီးစရိတ်၏ အနည်းဆုံးသုံးပုံ တစ်ပုံကို ဒေသခံများကထည့်ဝင်ရန်နှင့် ကျန်လိုအပ်သည့်ပမာဏကို သက်သာသောအတိုးနှုန်းဖြင့် ချေးငွေရရှိရန် အသင်းချုပ်က ဆောင်ရွက်မည်ဖြစ်သည်။ စပါးစိုက်ပျိုးမှုအချက်အချာကျသော ကျေးရွာများတွင် ဦးစားပေး ဆောင်ရွက် မည်ဟု ဆန်စပါးအသင်းချုပ်က ထုတ်ပြန်ထားသည်။

**Source:** https://myanmar.mmtimes.com/news/126348.html

## မြန်မာနိုင်ငံ၌ထုတ်လုပ်သည့် တရုတ်ကားများ ဩဂုတ်လဆန်းတွင် စတင်ရောင်းချရန်စီစဉ်

Gold Aya Motors International Group Co.,Ltd မှ မြန်မာနိုင်ငံတွင် တပ်ဆင်သော ကားမော်ဒယ်သစ်အား ဩဂုတ်လ ၂ ရက်နေ့တွင် ရန်ကုန်မြို့၌ စတင်ရောင်းချမည်ဖြစ်ကြောင်းသိရသည်။ The Belt and Road ဆိုတဲ့ စီမံကိန်းကို အကောင်အထည်ဖော်သည့်အနေဖြင့် ၂၀၁၇ခုနှစ်မှာ မြန်မာနိုင်ငံမှာ စတင်တည်ထောင်ခဲ့တဲ့ မော်တော်ကားတပ်ဆင်သည့် ကုမ္ပဏီဖြစ်ပါတယ်၊ ရင်းနှီးမြှုပ်နှံမှုပမာဏက အမေရိကန်ဒေါ်လာသန်း ၃၀ ဖြစ်ပါ တယ်၊ ဆက်သွယ်ရေး၊ မျှဝေရေးနဲ့ ပူးပေါင်းတည်ဆောက်ရေးမူဝါဒအရ Gold Aya Motors ကနေ Basic Chanche ကားကိုမိတ်ဆက်ပေးခဲ့ပါပြီ၊ ရန်ကုန်မြို့မှာ ဩဂုတ် ၂ ရက်နေ့မှ စတင်ဖြန့်ဖြူးရောင်းချပေးမှာဖြစ်ပါတယ်ဟု Shinning Star Group Company and Gold Aya Motors Board ၏ ဥက္ကဌ Mr.Yan Yu ကပြောသည်။

ယခုဖြန့်ချိမည့် BAIC CHANGHE ၏ Q35 သည် Auto Gear ကားအမျိုးအစားဖြစ်ပြီး အမြန်ဆုံး ၁ နာရီ ၁၆၀ ကီလိုထိ မောင်းနိုင်ကာ ဆီးစားနှုန်းမှာလည်း ၈ လီတာလျှင် ၁၀၀ ကီလိုအထိ မောင်းနှင်နိုင်ကြောင်းသိရသည်။ ကုမ္ပဏီမှာ မြို့သာစက်မှုဥယျာဉ်တွင် တည်ရှိကာ တပ်ဆင်ရေးစက်ရုံ၊ စက်ပစ္စည်းများ၊ Components များ ထိန်းသိမ်းသည့်ဂိုဒေါင်၊ ကွန်တိန်နာများထားသည့်နေရာ၊ ထုတ်လုပ်ပြီးသော ကားများရပ်နားသည့်နေရာ၊ အစမ်းမောင်းနှင်သည့်လမ်းကြောင်းများ၊ ဆီထိန်းသိမ်းသည့်ဂိုဒေါင်၊ အစိုင်အခဲစွန့်ပစ္စည်းများ စွန့်ပစ်သည့်နေရာ၊ ဓာတ်ဆီထိန်းသိမ်းသည့်ဂိုဒေါင်နှင့် အဆင့်ဆင့်လုပ်ဆောင်သည့် အရာများပါဝင်သော စက်ရုံကို မြေဧက ၇၂၀၀တွင် တည်ဆောက်ထားရှိကြောင်းသိရသည်။ ကုမ္ပဏီအနေဖြင့် ကမ္ဘာ့ကားကုမ္ပဏီများထဲတွင် အဆင့် ၁၂၉ တွင်ရှိကာ အိမ်သုံးဇိမ်ခံကား၊ SUV ကား၊ MPV ကား၊ လုပ်ငန်းသုံးကား၊ အထူးကား၊ ပစ်ကပ်ထရပ်ကား၊ New Energy ကားများ ထုတ်လုပ်လျက်ရှိကြောင်းလည်းသိရသည်။

**Source:** https://news-eleven.com/article/125747

https://www.facebook.com/iseemediamyanmar/posts/256267098525733

## မျှော့ဈေးနှုန်းနည်းနေသဖြင့် မျှော့ရှာဖွေသူများ နည်းပါးနေသေး

တရုတ်နိုင်ငံက မျှော့များပြန်လည်ဝယ်ယူသော်လည်း မျှော့ဈေးနှုန်းနည်းနေသဖြင့် မျှော့ရှာဖွေသူများ နည်းပါးနေသေးကြောင်းပဲခူးတိုင်းဒေသကြီးအတွင်းရှိ မျှော့အဝယ်ဒိုင်များထံမှသိရသည်။ မြန်မာပြည်၏ မိုးတွင်းကာလမြစ်ချောင်းအင်းအိုင်ကန်တို့တွင်ရှာဖွေ၍ရရှိသော မျှော့အရှင်များကို ဇူလိုင်လမှစတင်ပြီးပြန်လည်ဝယ်ယူတော့မည်ဟု မျှော့ကုန်သည်များကို ကမ်းလှမ်းထားကြောင်းသိရသည်။ မိုးတွင်းကာလဆိုရင် မူဆယ်တရုတ်နိုင်ငံဘက်က တရုတ်ကုန်သည်တွေ မျှော့လာရောက်ဝယ်ယူနေကျပါ။အခုနှစ်မှာ ပထမမျှော့အရှင်တွေ မဝယ်တော့ဘူးဆိုပြီး အခုကျမှ မျှော့အရှင်ပြန်ဝယ်မယ်ပြောပြီး ဈေးနှုန်းကျတော့ အရင်နှစ်ကထက် ဈေးပေးတာနည်းနေတယ်။ အဲဒီတော့ ရှာဖွေသူ

တွေအတွက် မကိုက်သေးလို့ သိပ်မရှာကြတော့ဘူး။ နောက်ပြီးမျှော့တွေလည်း ဒီဒေသဘက်မှာ ရှားပါးလာပါပြီ။ မိုးတွင်းဘက်မှာ မရှိဆင်းရဲသားတွေအတွက်တော့ ငွေရတဲ့လုပ်ငန်းတစ်ခုပါဟု ပဲခူးခရိုင်၊ဝေါမြို့နယ် မျှော့အဝယ်ဒိုင် က ဦးမောင်ဦးက ပြောသည်။ တရုတ်နိုင်ငံက မြန်မာနိုင်ငံက မျှော့များကို လာရောက်ဝယ်ယူနေသည် မှာ လွန်ခဲ့သော ၁၀ နှစ်ကျော်ကတည်းကဖြစ်ပြီး မြစ်ချောင်းအင်းအိုင်များပေါများသည့် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့က ရှာဖွေရရှိသောမျှော့များကို ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပဲခူးမြို့၊ ဝေါမြို့၊ ဘုရားကြီးမြို့စသော မျှော့အဝယ်ဒိုင်ကြီးများထံ လာရောက်ရောင်းချကြကာ ထိုမှတစ်ဆင့် မူဆယ် တရုတ်ပြည်နယ်စပ်သို့ပို့ပေးရကြောင်းသိရသည်။

ဒီနှစ်က မိုးရွာတာကလည်း နည်းသေးတယ်။ မျှော့က ရေများမှရှာဖွေလို့ လွယ်ကူတာပါ။ နောက်ပြီး တစ်နှစ်ထက်တစ်နှစ် မျှော့နည်းပါးလာပါပြီ။ ရှာဖွေရတာလည်း ခက်ခဲပါတယ်။ မျှော့ဈေးနှုန်းက ဈေးနည်းနေတော့ အရင်ရှာဖွေသူတွေက မရှာကြတာလည်းပါတယ်။ တစ်ရက်မှ ငွေတစ်သောင်းလောက်မရရင် မကိုက်ဘူးလေ"ဟု ဝေါမြို့နယ်၊ အင်းတိုင်စုကျေးရွာက ဦးလှဦးကပြောသည်။ မျှော့များသည် မြစ်ရိုး၊ ချောင်းရိုးနှင့် အင်းအိုင်၊ ကန်၊ လယ်ကွက်များတွင် နေတတ်၍လူနှင့် ကျွဲ၊ နွားတို့ကိုကိုက်ကာ သွေးစုပ်အန္တရာယ်ပေးတတ်သော သတ္တဝါဖြစ်ပြီး တရုတ်နိုင်ငံက အဆိုပါမျှော့များကို သွေးများထုတ်ကာ အခြောက်လှန်းပြီး တရုတ်တိုင်းရင်းဆေးအဖြစ် နှလုံးသွေးကြောကျဉ်းရောဂါနှင့် အကြောအားတိုးဆေးအဖြစ် ဖော်စပ်ကြောင်း မျှော့လာရောက်ဝယ်ယူသော တရုတ်လူမျိုးများထံမှ သိရသည်။ ယခင်နှစ်က မျှော့အကြီး တစ်ပိဿာလျှင် ကျပ် ၁၅၀၀၀၊ မျှော့အသေးတစ်ပိဿာလျှင် ကျပ် ၂၂၀၀၀ ဈေးရှိခဲ့သော်လည်း ယခုနှစ်တွင် မျှော့အကြီးတစ်ပိဿာလျှင် ကျပ် ၉၀၀၀ နှင့် မျှော့အသေး တစ်ပိဿာလျှင် ကျပ် ၁၄၀၀၀သာ ရရှိတော့ကြောင်းသိရသည်။ ယခင်နှစ်များက မျှော့ဒိုင်ကြီးတစ်ဒိုင်ကို တစ်နေ့လျှင် ပျမ်းမျှပိဿာချိန် ၁၀၀ ခန့်ဝယ်ယူနေရသော်လည်း ယခုနှစ်တွင် ၂၅ ပိဿာခန့်သာ ဝယ်ယူတော့ကြောင်းသိရသည်။

**Source:** https://www.facebook.com/myanmaeconomic/

## STOCK EXCHANGE (1.8.2019)

YANGON
STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 1st Aug. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | +0 | +0.00% | 11,000 | 11,000 | 11,000 | 2,975 | 32,725,000 | 27,112,747 | 298,240 |
| MTSH | 00002 | 3,400 | +50 | +1.49% | 3,400 | 3,400 | 3,400 | 6,675 | 22,695,000 | 38,929,150 | 132,359 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 239 | 1,912,000 | 10,400,986 | 83,208 |
| FPB | 00004 | 24,500 | +0 | +0.00% | 24,500 | 24,500 | 24,500 | 615 | 15,067,500 | 2,472,053 | 60,565 |
| TMH | 00005 | 3,000 | +100 | +3.45% | 2,950 | 3,000 | 2,950 | 2,318 | 6,848,150 | 12,823,224 | 38,470 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 448.89 | +2.32 | +0.52% | 448.42 | 448.89 | 448.42 | 12,822 | 79,247,650 | 5 | 612,842 |

**Index chart**




# Market Overview

As of 1:00 pm, 1st Aug. 2019

| MYANPIX | 448.89 ▲ 2.32 |
|---|---|
| Total Volume (shares) | 12,822 |
| Total Value (MMK) | 79 mil |
| Listed Company | 5 |
| Market Cap. (MMK) | 612,842 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▲ 0 |
| MTSH | 00002 | 3,400 | ▲ 50 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 24,500 | ▲ 0 |
| TMH | 00005 | 3,000 | ▲ 100 |